**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ်  ၈၇ /၂၀၁၇**

၁၃၇၉ ခုနှစ်၊  နတ်တော်လဆန်း  ၂  ရက်

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ  ၂၀  ရက်)

**ပြည်ပသို့ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် သတ်မှတ်ခြင်း**

၁။  ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀(ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံသူများက ပြည်တွင်း၌ ထုတ်လုပ်ပြီး ထွက်ရှိလာသော ကုန်ချောပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်း ကုန်ချောထုတ်ကုန်များ အားလုံး ပြည်တွင်းဈေးကွက်သို့ရောင်းချခြင်းမပြုဘဲ ပို့ကုန်ထုတ်လုပ်ရန်အတွက် ပြည်ပသို့ ရာခိုင်နှုန်းပြည့် တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထံ ရောင်းချပါက ယင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပြည်ပသို့ ရာခိုင်နှုန်းပြည့် တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် သတ်မှတ်လိုက်သည်။

၂။  အဆိုပါ ပြည်ပသို့ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၇(ခ)နှင့်အညီ အကောက်ခွန်ကင်းလွတ် သို့မဟုတ် သက်သာခွင့် လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(ကျော်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၆/၁ /၂၀၁၇ (  ၁၀၉၃  )
ရက်စွဲ၊  ၂၀၁၇ ခုနှစ်  နိုဝင်ဘာလ  ၂၀  ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန်